# လိုအပ်ချက်လျင်မြန်စွာဆန်းစစ်ခြင်း (RNA) အစီရင်ခံစာအတွက် အသင့်သုံးပုံစံ

## ၁။ အထွေထွေအချက်အလက်များ

| | |
|---|---|
| **ဖြစ်ရပ်အမျိုးအစား** | |
| **ဆန်းစစ်သည့်ရက်စွဲ (များ)** | |
| **တည်နေရာများ** | |
| **ဆန်းစစ်ရေးအဖွဲ့၏ အချက်အလက်များ** | |
| **အစီရင်ခံစာရေးသားသူ အဖွဲ့ခေါင်းဆောင်၏ အမည်အပြည့်အစုံနှင့် ဆက်သွယ်ရန်လိပ်စာ** | |

*အောက်တွင် လိုအပ်ချက်ဆန်းစစ်ခြင်းမှ တွေ့ရှိချက်များကို ရေးသားရန်အတွက် အသင့်သုံးပုံစံတခုကို ထောက်ပံ့ပေးထားသည်။ တွေ့ရှိချက်များကို အခြေခံ၍ အပိုင်းတပိုင်းချင်းစီတွင် ပါဝင်ရမည့် လမ်းညွှန်မေးခွန်းများနှင့် ခေါင်းစဉ်များကိုလည်း ဆီလျော်သလို ဖော်ပြထားသည်။*

## ၂။ နောက်ခံအကြောင်းအရာ/အခြေအနေကို ခြုံငုံဖော်ပြချက်

*(နောက်ခံအကြောင်းအရာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဤနေရာတွင် အကျဉ်းချုပ်ထည့်သွင်းသင့်သည်။ အကြံပြုချက်များကို အောက်တွင် ဖော်ပြထားပါသည်။ ယခင်ရှိထားပြီးသော တဆင့်ခံအချက်အလက်များကို ဖြစ်ရပ်ဖြစ်ပွားပြီး ၄၈ နာရီအတွင်း စုစည်း၍ သရုပ်ခွဲဆန်းစစ်ရမည်ဖြစ်ပြီး၊ အရေးပေါ်ဖြစ်ရပ်အပြီး ၇၂ နာရီအတွင်း ကနဦးအစီရင်ခံစာ (၃-၆ စာမျက်နှာခန့်) တင်ပြရမည်ကို သတိပြုပါ။)*

***ဘာဖြစ်ပါသနည်း (What)***

- *ဤအရေးပေါ်အခြေအနေဆန်းစစ်မှုကို ဖြစ်ပေါ်စေသည့် ဘေးအန္တရာယ်*
- *ယခင်ဘေးအန္တရာယ်များ သို့မဟုတ် တုန့်ပြန်လုပ်ငန်းများနှင့်သက်ဆိုင်သည့် အချက်အလက်များ*
- *ဖြစ်ရပ်မတိုင်မီ အခြေအနေသည် မည်သို့ ရှိပါသနည်း? (သက်ဆိုင်သည့် နောက်ခံအကြောင်းအရာပိုင်း၊ ရရှိနိုင်သည့် ရင်းမြစ်များ)*
- *ဖြစ်ရပ်၏ သက်ရောက်မှုအကြောင်းနှင့် စပ်လျဉ်း၍ မည်သည့်အချက်များကို သိရှိထားပါသနည်း? (ဥပမာ - ဘေးဒဏ်ခံပြည်သူစုစုပေါင်းအရေအတွက်အပေါ် ခန့်မှန်းထားသည့် ကိန်းဂဏန်းများရှိပါသလား? လူများကို နေရာရွှေ့ပြောင်းခဲ့ရပါသလား? မည်သည့်နေရာမှ? မည်သည့်နေရာသို့?)*

***မည်သည့်နေရာ (Where)***

- *ပထဝီဝင်တည်နေရာ*
- *လက်ရှိရာသီဥတုအခြေအနေသည် မည်သို့ရှိသနည်း?*
- *ပတ်ဝန်းကျင်အခြေအနေကိုဖော်ပြပါ (ဥပမာ - သွားလာရေးနှင့် ကယ်ဆယ်ရေး အတွက် လက်လှမ်းမီနိုင်မှုကို မည်သို့ သက်ရောက်မည်ဖြစ်ကြောင်းစသည်ဖြင့်)*

***မည်သူ (Who)***

- *ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားသည် မည်မျှဖြစ်သနည်း?*
- *လူထုအတွင်း မည်သည့် တိုင်းရင်းသားအုပ်စုများရှိသနည်း?*
- *အပယ်ခံအုပ်စုများ (marginalized groups) ရှိပါသလား?*
- *မည်သည့်ရပ်ရွာကိုယ်စားလှယ်များက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကူညီပေးနိုင်ပါသနည်း?*
- *အာဏာပိုင်များက မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသနည်း? အဓိကဌာနများသည် လုပ်ငန်း လည်ပတ်နေဆဲဖြစ်ပါသလား? လူသားချင်းစာနာမှုလုပ်ငန်းများ ရှိပါသလား?*

## ၃။ နည်းစနစ်

*(အစီရင်ခံစာတွင် ဖော်ပြထားသည့်သတင်းနှင့်အချက်အလက်များ စုဆောင်းရာတွင် အသုံးပြုသည့် နည်းလမ်းများကိုလည်းကောင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ခဲ့သည့် အဓိကပူးပေါင်း ပါဝင်သူများ (သို့မဟုတ် ပူးပေါင်းပါဝင်သူအမျိုးအစားများ)ကို လည်းကောင်း ဖော်ပြပေးပါ။ အပိုင်း ၃-၁ နှင့် ၃-၂ တို့မှာ အသင့်ပြင်ဆင်ထားသည့် ပုံစံဖြစ်ပြီး၊ အသေးစိတ်အချက်များကို ထပ်ဖြည့်ရန် ဖြစ် သည်။)*

***(၃-၁) ရည်ရွယ်ချက်***

ဤ RNA သည် အောက်ပါတို့ကို ဆုံးဖြတ်ရာတွင် ကူညီပေးရန် ရည်ရွယ်ပါသည် -

I. ချက်ချင်းဆောင်ရွက်ရမည့် တုန့်ပြန်ရေးလုပ်ငန်းကို ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိစေမည့် ဖြစ်ရပ် အခြေအနေ၏ အတိုင်းအတာနှင့် ပြင်းထန်မှုဆိုင်ရာ ကနဦးအချက်အလက်များ ထောက်ပံ့ ပေးရန် -

   (က) ဘေးဒဏ်ခံပြည်သူများ၏ တည်နေရာနှင့် ခန့်မှန်းအရွယ်အစား (လူဦးရေ)

   (ခ) မတူညီသော ဘေးဒဏ်ခံအုပ်စုများအတွက် လူသားချင်းစာနာရေး လိုအပ်ချက်များ နှင့် ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ဖော်ထုတ်ခြင်း။

II. MIRA သို့မဟုတ် အခြားကဏ္ဍစုများ၏ သီးသန့်လေ့လာဆန်းစစ်မှုများဖြင့် ဖော်ထုတ်ဖြေရှင်း ရန် လိုအပ်နိုင်သော သတင်းအချက်အလက်ကွာဟချက်များကို မီးမောင်းထိုးဖော်ပြရန်။

***(၃-၂) နည်းစနစ်***

ICCG က အတည်ပြုထားသော လိုအပ်ချက်လျင်မြန်စွာဆန်းစစ်ခြင်း (RNA) နည်းလမ်းကို နေရာတနေရာချင်းစီ၌ အဓိကသတင်းအချက်အလက်ပေးသူများကို အသုံးချလျက် အချက်အလက်များစုဆောင်းရန် အသုံးပြုခဲ့ပါသည်။ [နေရာများ/ကျေးရွာများ] အပါအဝင် စုစုပေါင်း [နေရာအရေအတွက်] နေရာကို [လူကိုယ်တိုင်/အဝေးမှ] လေ့လာဆန်းစစ်ခဲ့သည်။

လေ့လာဆန်းစစ်ရေးအဖွဲ့တွင် [အဖွဲ့အစည်း] မှ စာရင်းကောက်လေ့လာသူများပါဝင်ခဲ့သည်။ ပူးပေါင်းပါဝင်သူများကို သက်ဆိုင်ရာ ရပ်ရွာလူထုကိုယ်စား လိုအပ်ချက်များအား ပြောကြားပေးနိုင်သည့် အဓိကသတင်းအချက်အလက်ပေးသူများ (KI) အဖြစ် တွေ့ဆုံမေးမြန်းခဲ့ သည်။ KIs များတွင် [KI အမျိုးအစားများ - ဆိုလိုသည်မှာ ကျောင်းဆရာ/မများ၊ ကျန်းမာရေး လုပ်သားများ၊ ဘာသာရေးခေါင်းဆောင်များ] ပါဝင်ခဲ့ကြသည်။ အကြမ်းဖျဉ်းအားဖြင့် နေရာတနေရာလျှင် KIs [အရေအတွက်] ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ နေရာတနေရာအတွက် ပုံစံတစုံကို စုပေါင်း၍ ဖြည့်သွင်းသည်။ ဘေးအန္တရာယ်ကင်းရှင်းရေး/လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများနှင့် စပ်လျဉ်း၍ မေးခွန်းများမေးမြန်းချိန်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို သီးခြားစီ တွေ့ဆုံမေးမြန်းခဲ့သည်။

လေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းအဖြစ်၊ လေ့လာဆန်းစစ်သော နေရာ [အားလုံး/အချို့]တွင် စာရင်းကောက်လေ့လာသူများက တိုက်ရိုက်ကြည့်မြင်လေ့လာမှုများကို ပြုလုပ်ခဲ့သည်။

***(၃-၃) အကန့်အသတ်များနှင့်စိန်ခေါ်မှုများ***

*(လေ့လာဆန်းစစ်မှုအတွက် အကန့်အသတ်များ၊ မြေပြင်ကွင်းဆင်းလေ့လာမှုအတွေ့အကြုံများကို အခြေခံသော အဓိကစိန်ခေါ်မှုများ (ဥပမာ - အချို့သော ဘေးဒဏ်ခံနေရာများသို့ ရောက်ရှိရန် အခက်အခဲများ)၊ ကိန်းဂဏန်းပမာဏပြအချက်အလက်များ မရှိခြင်းစသည်တို့ကို ဖော်ပြပါ)*

အချက်အလက်များကို ဆောလျင်စွာ လိုအပ်နေခြင်းကြောင့်၊ လေ့လာဆန်းစစ်မှုမှ တွေ့ရှိချက်များသည် ကိန်းဂဏန်းပမာဏအားဖြင့် ကိုယ်စားပြုမှုအားနည်းနိုင်သည်၊ သို့သော် အချက်အလက်စုဆောင်းချိန်တွင် ရှိနေသည့်အခြေအနေကို ညွှန်ပြနိုင်ပါသည်။

## ၄။ အဓိကတွေ့ရှိချက်များ

**လေ့လာဆန်းစစ်ခဲ့သည့် နေရာအားလုံးအတွက် ခန့်မှန်းထားသည့် ဘေးဒဏ်ခံအိမ်ထောင်စု အရေအတွက် စုစုပေါင်း**

**ခန့်မှန်းထားသည့် ဘေးဒဏ်ခံပြည်သူအရေအတွက် (ဖြစ်နိုင်ပါက လိင်နှင့် အသက်အရွယ်အားဖြင့် ခွဲခြားဖော်ပြချက်)**

**ထိခိုက်လွယ်သည့် ဘေးဒဏ်ခံပြည်သူများ၏ အချက်အလက်များ/ခန့်မှန်းချက်**

- မသန်စွမ်းသူများ
- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ

- မိသားစုနှင့် ကွဲကွာနေသည့် ကလေးငယ်များ
- အုပ်ထိန်းသူမပါရှိသည့် တဦးတည်း ကလေးငယ်များ
- အခြား (အသေးစိတ်ဖော်ပြပါ)

**ပြည်သူများနှင့် ဝန်ဆောင်မှုများအပေါ် ထိခိုက်မှုများ**

- ခန့်မှန်းထားသည့် သေဆုံး/ဒဏ်ရာရ/ပျောက်ဆုံး အရေအတွက်
- လေ့လာဆန်းစစ်သည့်နေရာမှ ဘေးကင်းရာသို့ ရွှေ့ပေးရသူ/စွန့်ခွာရသူ အရေအတွက် (ခန့်မှန်း)
- ဖျက်ဆီးခံရသည့်/ပျက်စီးသည့် အခြေခံအဆောက်အဦး/ဝန်ဆောင်မှုများစာရင်းအကျဉ်းချုပ်

**လေ့လာဆန်းစစ်သည့် နေရာများအတွင်း နေရပ်စွန့်ခွာရမှု (ရှိပါက)**

- နေရပ်စွန့်ခွာရသူများ/ဘေးကင်းရာရွှေ့ရသူများ နေထိုင်နေသည့် နေရာအကြောင်း အကျဉ်းချုပ် (ခန့်မှန်းအရေအတွက်များ)
- (ဖြစ်နိုင်ပါက) အရွယ်ရောက်သူအမျိုးသား၊ အရွယ်ရောက်သူ အမျိုးသမီး၊ ကလေးငယ်များ စသည်ဖြင့် ခွဲခြားဖော်ပြချက်

**လက်ရှိအချိန်အထိ အရေးပေါ်အခြေအနေအပေါ် တုန့်ပြန်မှု**

- ယခုအချိန်အထိ မည်သည်ကို ဆောင်ရွက်နေပါသနည်း? မည်သည့်အကူအညီနည်း? မည်သူက ကူညီသနည်း?

**အဓိကသတင်းအချက်အလက်ပေးသူများ၏ ပြောကြားချက်အရ ဦးစားပေးလိုအပ်ချက်များ**

- လေ့လာဆန်းစစ်သည့်နေရာတနေရာအတွက် KIs များက သတ်မှတ်ဖော်ထုတ်ထားသည့် ထိပ်ဆုံးဦးစားပေးလိုအပ်ချက် (၅) ခု၏ အကျဉ်းချုပ် (ပြောကြားခဲ့သော အဓိကကျသည့် အသေးစိတ် အချက်များအပါအဝင်)

**ဘေးအန္တရာယ်ကင်းရှင်းသော ပတ်ဝန်းကျင်**

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပြောကြားချက်အရ ဘေးကင်းသော ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ စိုးရိမ်မှုများအကြောင်း အကျဉ်းချုပ်

## ၅။ တိုက်ရိုက်ကြည့်မြင်တွေ့ရှိချက်များ

- လေ့လာဆန်းစစ်ရေးအဖွဲ့က သတ်မှတ်ဖော်ထုတ်ထားသည့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိုးရိမ်မှုများ အကျဉ်းချုပ်
- နောက်ထပ် အရေးကြီးသော ကြည့်မြင်တွေ့ရှိချက်များ/မှတ်ချက်များ

## ၆။ အကြံပြုချက်များ

*(အချက်အလက်များမှ ရရှိသော ဆက်နွယ်မှုများကို ဖော်ပြ၍ ဆက်လက်ဆောင်ရွက်ရမည့် အဆင့်များကို အကြံပြုပါ။ အကူအညီပေးအပ်ရန် သို့မဟုတ် ထပ်မံဆောင်ရွက်ရန် လုပ်ငန်းအတွက် (ရှိပါက) အဓိကအကြံပြုချက်များကို ဖော်ပြပေးပါ။ အကြံပြုချက်များကို သက်ဆိုင်သည့် ကဏ္ဍအစုအဖွဲ့အလိုက် ရှင်းလင်းစွာ တင်ပြသင့်သည်။)*

## ၇။ နောက်ဆက်တွဲများ

*(ဤအပိုင်းတွင် အချက်အလက်စုဆောင်းရာ၌ အသုံးပြုခဲ့သည့် အထောက်အထားစာရွက်စာတမ်းများ (ဥပမာ - လေ့လာဆန်းစစ်မှုပြုလုပ်သည့် တည်နေရာ၊ ပူးပေါင်းပါဝင်သူများစာရင်း၊ ဓါတ်ပုံများ) ကို ထည့်သွင်းသင့်သည်။)*

*** အပြီးသတ်အစီရင်ခံစာအတွက် အများဆုံး (၁၀) မျက်နှာသာရေးသားရန် အကြံပြုပါသည်။ ICCG သည် အစီရင်ခံစာပါ အဓိကတွေ့ရှိချက်များကို ပြန်လည်သုံးသပ်၍ သဘောတူညီချက်ပေးမည် ဖြစ်ပြီး၊ ကဏ္ဍစုအများအပြားပါဝင်သော မူလအချက်အလက်စုဆောင်းခြင်း (MIRA) လုပ်ငန်းနှင့် တုန့်ပြန်ရေးလုပ်ငန်းများ အစပျိုးဆောင်ရွက်ရန် လိုအပ်ခြင်း ရှိမရှိကို ဆုံးဖြတ်ပါမည်။**